**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၃၉ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်**
**(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန်နှင့် ပြည်တွင်း အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ ထုတ်လုပ်မည့် လောင်စာဆီသုံးယာဉ်များ Semi-Knocked Down - SKD စနစ်နှင့် Completely Knocked Down - CKD စနစ်တို့ဖြင့် တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများကို ဆက်လက်၍ အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုလိုက်သည်-

| စဉ် | ယာဉ်အမျိုးအစား | MCT 2022 တွင် ကောက်ခံသည့်နှုန်း (%) | | | ဖြေလျှော့ ကောက်ခံမည့်နှုန်း (%) | | |
|---|---|---|---|---|---|---|---|
| | | CBU | SKD | CKD | CBU | SKD | CKD |
| (က) | 2000CC နှင့်အောက် လူစီးမော်တော်ယာဉ် | ၃၀% | ၇.၅% | ၅% | - | ၅% | ၃% |
| (ခ) | 2001CC နှင့်အထက် လူစီးမော်တော်ယာဉ် | ၄၀% | ၇.၅% | ၅% | - | ၅% | ၃% |
| (ဂ) | သုံးဘီးမော်တော် ဆိုင်ကယ် (လူစီး) | ၂၀% | ၇.၅% | ၅% | - | ၃% | ၁.၅% |
| (ဃ) | သုံးဘီးမော်တော် ဆိုင်ကယ်(ကုန်တင်) | ၁၀% | ၇.၅% | ၅% | - | ၃% | ၃% |
| (င) | Bus များ | ၁၀% | ၇.၅% | ၅% | - | ၃% | ၃% |
| (စ) | Truck/Body Building ပြုလုပ်ရန် Truck များ | ၁၀% | ၇.၅% | ၅% | - | ၃% | ၃% |
| (ဆ) | မော်တော်ဆိုင်ကယ် | ၅% | ၃% | ၃% | - | ၁.၅% | ၁.၅% |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁(၃၈၀၆/၂၀၂၅)
ရက် စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်
**ဖြန့်ဝေခြင်း**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိဌာနနှင့် အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)

အမိန့်အရ

(သန်းသန်းလင်း)

ဒုတိယဝန်ကြီး